# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၃) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
## (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၃၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို ခွင့် ၂ ရက်၊

(၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၃) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၂ ရက်၊

(၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော ခွင့် ၂ ရက်၊

(၅) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

**မူကြမ်း**

(၆) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၇) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၂ ရက်၊

(၈) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၂ ရက်၊

(၉) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၂ ရက်၊

(၁၀) ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် ခွင့် ၂ ရက်၊

(၁၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်၊

(၁၂) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၂၃ ရက်၊

(၁၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၁၄) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၁၅) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၂ ရက်၊

(၁၆) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၁၇) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၂ ရက်၊

(၁၈) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၂၀) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၂၁) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၂ ရက်၊

(၂၂) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ၂ ရက်နှင့်

(၂၃) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၉ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မော်လမြိုင်မြို့နယ်အတွင်းရှိ ရထားလမ်းဘေးမြေထိန်းနံရံများ ဆောင်ရွက်ပေးရန်နှင့် မြေထိန်းနံရံကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုလုပ်ခွင့်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းဘေးမြေထိန်းနံရံ ပြုလုပ်ပေးရန်ကိစ္စနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မော်လမြိုင်-ရေး-ထားဝယ်ရထားလမ်းသည် မော်လမြိုင်မြို့နယ် နယ်နိမိတ်ဖြစ်သော မန္တလေးရပ်ကွက်၊ အောက်ကျောင်းရပ်ကွက်၊ မြေနီကုန်းရပ်ကွက်၊ လှိုင်ရပ်ကွက်၊ ဈေးချိုရပ်ကွက်နှင့် သီရိမြိုင်ရပ်ကွက် စုစုပေါင်းခြောက်ခုကို ဖြတ်ကျော်ဖောက်လုပ်ထားသော ရထားလမ်းဖြစ်ပါတယ်။ ရထားလမ်းအချို့နေရာများသည် လူနေရပ်ကွက်နှင့် နီးကပ်သဖြင့် အိမ်များဖယ်ရှားပေးခဲ့ရပါတယ်။ ရထားလမ်းဖောက်စဉ်က မြေထိန်းနံရံပြုလုပ်ပေးရန် စီမံချက်ရှိသည်ကိုလည်း သိရပါတယ်။ ယခုအချိန်တွင် မြေထိန်းနံရံမရှိ၍ မြေပြိုမှုများဖြစ်ပွားပြီး အချို့သောရပ်ကွက်၊ လမ်းသွယ်များ ပိတ်ဆို့လုနီးပါးဖြစ်နေပါတယ်။ ယခင်

မော်တော်ကားပင်သွားလို့ရတဲ့လမ်းဟာ လူသွားလမ်းလောက်သာ ကျန်ရှိနေပါတယ်။ အထူးသဖြင့် လှိုင်ရပ်ကွက်ရှိ ကင်းရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် ကျောင်းသားကျောင်းသူ ၅၀၀ ခန့်နှင့် လက်ခံသင်ကြားပေးနေသော ဘုန်းတော်ကြီးကျောင်းလည်းဖြစ်ပါတယ်။ ၎င်းကျောင်းအရှေ့ ဘက်ဝင်ပေါက်သည် ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ အသုံးပြုသောဝင်ပေါက်ဖြစ်ပါ သည်။ ယခုအခါ ထိုကျောင်းသို့ ဝင်/ထွက်ရာတံခါးအနီးတွင် မြေသားပြိုကျမှု ပိုမိုဆိုးရွားနေ၍ လမ်းပိတ်ဆို့လုနီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြေထိန်းနံရံပြုလုပ်ပေးရန် အထူးလိုအပ်သောနေရာများနှင့် လှိုင်ရပ်ကွက် ကင်းရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မြေသားနံရံကို အမြန်ဆုံးပြုလုပ်ပေးရန် လိုအပ်နေ၍ အောက်ပါ မေးခွန်းကို မေးမြန်းအပ်ပါတယ်။ (၁) မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းတွင်ပါဝင်သော မော်လမြိုင်မြို့နယ်အတွင်းရှိ ရထားလမ်းဘေးမြေထိန်းနံရံများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (၂) မြေထိန်းနံရံကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် လုပ်ပိုင်ခွင့်ရှိ/မရှိ ပြည်သူများသိလို၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော် ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်မှ ကြယ်ပွင့်ပြမေးခွန်း အဖြစ် မော်လမြိုင်-ရေး-ထားဝယ်လမ်းတွင်ပါဝင်သော မော်လမြိုင်မြို့နယ်အတွင်းရှိ ရထားလမ်း ဘေးမြေထိန်းနံရံများ ဆောင်ရွက်ပေးရန်နှင့် မြေထိန်းနံရံကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုလုပ်ခွင့် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးမြင့်သိန်းမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းမှာ တောင်ပြိုခြင်းမှ ကာကွယ်ဖို့အတွက် ဆောင်ရွက်ရန်လိုအပ်တဲ့ မြေထိန်းနံရံအချို့ကို ဆောင်ရွက်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များ ဘတ်ဂျက် မှာလျာထားဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်းနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်လိုလျှင်လည်း

ခွင့်ပြုနိုင်ပါကြောင်းနှင့် အရည်အသွေးထိန်းသိမ်းမှုကိုလည်း စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချောက်မြို့နယ်၊ ဆာလည်ရွာတစ်ဝိုက်တွင် ပုဂံခေတ် ရှေးဟောင်းဘုရားအဆောက်အဦပေါင်း ၄၅ ဆူ ရှိရာ ခရီးသွားဧည့်သည်များ တိုးချဲ့ပို့ဆောင်ရန်အတွက် ပေ ၁၂၀၀ ခန့်ကွာဝေးသော ကျန်စစ်စေတီမှ လျှပ်စစ်မီးပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များခင်ဗျား။ ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့်မေးခွန်းကတော့ မကွေးတိုင်းဒေသကြီးမှာ ချောက် မြို့နယ် ဆာလည်ကျေးရွာဆိုတာ ရှိပါတယ်။ အဲ့ဒီ ဆာလည်နဲ့ စလေက တစ်ခါတလေလည်းလွဲပါတယ်။ အဲ့ဒီဆာလည်ရွာမှာဆိုရင် ကျွန်တော်တို့ ပုဂံခေတ်ရှေးဟောင်းဘုရားပေါင်း ၄၅ ဆူရှိပါတယ်။ အဲ့ဒီဘုရားတွေထဲမှာ အင်မတန်စိတ်ဝင်စားဖွယ်ကောင်းတဲ့ နံရံဆေးရေးပန်းချီရှိတဲ့ ဘုရားပေါင်း ၂၅ ဆူရှိပါတယ်။ အဲ့ဒီတော့ ပြည်တွင်းပြည်ပဧည့်သည်များလည်း တချို့သွားရောက်နေကြတာကို တွေ့ရပါ တယ်။ အဲ့ဒီမှာ ဒီဒေသခံရွာတွေက ဆာလည်ရွာကတော့ မီးမရှိတော့ သူတို့ကလည်း လာတဲ့ဧည့်သည် တွေကို ညအိပ်မထားနိုင်ပါဘူး။ အဲ့ဒီတော့ မီးက ဘယ်အထိအောင် ရောက်နေသလဲဆိုတော့ ကျန်စစ်သားမင်းတရားကြီးတည်ထားတဲ့ ကျန်စစ်စေတီအထိအောင် ရောက်နေပါတယ်။ အဲ့ဒီကျန်စစ် စေတီကနေ ပေ ၁၂၀၀ ဝေးတဲ့နေရာမှာ အခုနက ပြောတဲ့ ၄၅ ဆူရှိပါတယ်။ အဲ့ဒီတော့ တကယ်လို့ ပေ ၁၂၀၀ ကို မီးလင်းနိုင်မယ်ဆိုရင် နောင်မှာ ကျွန်တော်တို့ ပုဂံမှာမကဘူး ခရီးသွားလုပ်ငန်းကို တိုးချဲ့ပြီး တော့ ဆောင်ရွက်နိုင်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ကျန်စစ်စေတီကနေပြီးတော့ ပေ ၁၂၀၀ ဝေးတဲ့နေရာအထိအောင် လျှပ်စစ်သွယ်တန်းပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

ဖြေကြားချက်

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် မေးမြန်းတဲ့မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ချောက်မြို့နယ်၊ ဆာလည်ကျေးရွာမှာ အိမ်ခြေ ၂၂၉ အိမ်ရှိပြီးတော့ လူဦးရေ ၈၇၆ ဦး နေထိုင်လျက်ရှိပါတယ်။ ဆာလည်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရေနံချောင်းမြို့ လက်မှတ်ကုန်းဓာတ်အားခွဲရုံရဲ့ ၁၁ ကေဗွီ စက်မှုဇုန်ဓာတ်အားလိုင်းမှ ဓာတ်အားရယူထားတဲ့ ကျန်စစ်စေတီကနေပြီးတော့မှ ၁၁ ကေဗွီဓာတ်အားလိုင်း ၁.၅ မိုင်ခန့်တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျန်စစ်စေတီမှာ လျှပ်စစ် ဓာတ်အားရောက်ရှိနေတာကတော့ ၂၃၀ ဗို့ဖြစ်တဲ့အတွက် ကျေးရွာကို အဲ့ဒီလိုင်းကနေဆက်လို့ ဓာတ်အားပေးနိုင်မှုမရှိတဲ့အတွက်ကြောင့် ၁၁ ကေဗွီလိုင်း ၁.၅ မိုင်ခန့် တည်ဆောက်ရမှာဖြစ်ပါတယ်။ နောက် ကျေးရွာမှာ ထရန်စဖော်မာ ၂၀၀ ကေဗွီတစ်လုံး တပ်ဆင်ပြီးတော့ ၄၀၀ ဗို့လိုင်းများတည်ဆောက်ပြီး ဓာတ်အား ဖြန့်ဖြူးပေးရမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကစတင်ပြီးတော့မှ ၁၁ ကေဗွီဗို့အားအဆင့် ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံငယ်များ၊ နောက် ၄၀၀ ဗို့ ဓာတ်အားလိုင်းများအတွက် အသစ်တည်ဆောက်ခြင်းနှင့် အဟောင်းထိန်းသိမ်းခြင်းလုပ်ငန်းတွေကိုတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအစိုးရအဖွဲ့များမှ တစ်ဆင့် ရန်ပုံငွေလျာထားတောင်းခံပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချောက်မြို့နယ်၊ ဆာလည်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးရန် အထက်ဖော်ပြပါလိုအပ်တဲ့လုပ်ငန်းများအားလုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ရန်ပုံငွေမှာ လျာထားဆောင်ရွက်ဖို့ရန်အတွက် ဘဏ္ဍာငွေခွဲငွေပေးနိုင်မှုအခြေအနေအရ ပါဝင်မှုမရှိခဲ့ပါ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထပ်မံထည့်သွင်း တောင်းခံဆောင်ရွက်ပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဂန့်ဂေါမြို့နယ်ရှိ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီးလင်းရေးအတွက် စီမံဆောင်ရွက်ပေးသည့်နည်းလမ်းများအတိုင်း နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံအဝှမ်းရှိ ကျေးလက်တောရွာများမှာနေထိုင်ကြတဲ့ ရွာသူရွာသားများနှင့် ဂန့်ဂေါမြို့နယ်မှာရှိကြတဲ့ရွာသူရွာသားများရဲ့ အကျိုးကိုရည်ရွယ်ပြီး လျှပ်စစ်မီးနဲ့ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က ကျွန်တော်တို့ ဂန့်ဂေါမြို့ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ လျှပ်စစ်ဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မီးရရှိရေးကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအခါ ၂၄ နာရီ လျှပ်စစ်မီးများရရှိနေကြပြီဖြစ်ပါတယ်။ လူနေမှုအဆင့်အတန်းများလည်း မြင့်မားစွာခံစားနေကြရပြီဖြစ်လို့ ဆောင်ရွက်ပေးခဲ့တဲ့နိုင်ငံတော်အစိုးရသစ်အား ဂန့်ဂေါမြို့သူမြို့သားများက အထူးကျေးဇူးတင်မဆုံးရှိနေကြပြီဖြစ်ပါတယ်။ အလားတူ ဂန့်ဂေါမြို့နယ်အတွင်းမှာ ကျောအုပ်စုခြောက်ရွာ ပျား၊ နွားဘို့၊ အနောက်ဂန့်ဂေါ၊ ဆုံကြည်ကျေးရွာနှင့် ဇောင်းကျေးရွာများဟာလည်း ယခုအခါ လျှပ်စစ်ဓာတ်အားလိုင်းစနစ်မှ ၂၄ နာရီ လျှပ်စစ်မီးများရရှိနေကြပြီဖြစ်လို့ လူနေမှုအဆင့်အတန်းများမြင့်မားကာ ပျော်ရွှင်ကြည်နူးနေကြပြီဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါမြို့နယ်မှာ လျှပ်စစ်မဟာဓာတ်အားလိုင်းကြီးများဟာလည်း ကျေးရွာအများစုရဲ့အနီး တစ်မိုင်နှင့် နှစ်မိုင်ခန့်အကွာအဝေးများက ဖြတ်သန်းသွားတာဖြစ်ကြတဲ့အတွက် ရွာတိုင်းနီးပါးခန့်က လျှပ်စစ်မီးရရှိရေးကို နိုင်ငံတော်မှ ဆောင်ရွက်ပေးမယ့်အစီအစဉ်ကိုလည်း အထူးမျှော်လင့်နေကြတာကို လေ့လာသိရှိရပါတယ်။ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ပြီးဖြစ်ကြတဲ့ အချို့ကျေးရွာများမှာ အိမ်ထောင်စုတစ်စုလျှင် ငါးသိန်းနှင့် ခြောက်သိန်းခန့် ကုန်ကျမှုများရှိကြတဲ့အတွက်လည်း ကျေးရွာများမှာ အများအားဖြင့် အိမ်ထောင်စု ၄၀ ရာခိုင်နှုန်းခန့်သာ အကုန်အကျခံပြီး လျှပ်စစ်မီးရယူအသုံးပြုနိုင်ကြတာကိုလည်း

လေ့လာတွေ့ရှိရ ပါတယ်။ ကျန် ၆၀ ရာခိုင်နှုန်းသောအိမ်ထောင်စုများဟာ ငွေကြေးအခက်အခဲများကြောင့် လျှပ်စစ်မီးသုံးစွဲလိုကြသော်လည်း မသုံးစွဲနိုင်ကြတဲ့အတွက် စိတ်မကောင်းဖြစ်နေကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်မှ မြို့ပေါ်ရှိရပ်ကွက်များတွင် ဆောင်ရွက်ပေးတဲ့ ကုန်ကျစရိတ်နှုန်းထားများဖြင့်သော်လည်းကောင်း၊ သက်သာသောအတိုးနှုန်းထားဖြင့် ချေးငွေရရှိရေးတို့ကိုသော်လည်းကောင်း ကူညီဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးရွာများရှိအိမ်ထောင်စုတိုင်းနီးပါးခန့်ဟာ လျှပ်စစ်မီးကို သုံးစွဲနိုင်ကြမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတာကတော့ (၁) ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့ပေါ်ရှိရပ်ကွက်များ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်စီမံပေးသည့် နည်းလမ်းများအတိုင်း နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါတယ်။ (၂) အစိုးရသစ်လက်ထက် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်မှ မည်ကဲ့သို့သော အကူအညီအထောက်အပံ့များ ပေးနိုင်မည်ကို သိရှိလိုပါတယ်။ (၃) ဂန့်ဂေါမြို့နယ်အတွင်းရှိ လျှပ်စစ်မီးလင်းရန် ကျန်ရှိနေသောကျေးရွာများ အမြန်ဆုံးမီးလင်းနိုင်ရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ထားရှိမှုအား သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရိုသေစွာနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ဆက်လက်ပြီးတော့မှ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၏ မေးခွန်းအပေါ် ဆက်လက်ရှင်းလင်းတင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ ဂန့်ဂေါမြို့နယ်ကို ၁၃-၁၀-၂၀၁၃ ရက်နေ့မှစပြီး ဓာတ်အားစနစ်မှ ဓာတ်အား စတင်ဖြန့်ဖြူးပေးခဲ့ပါတယ်။ ဂန့်ဂေါမြို့နယ်မှာကျေးရွာအုပ်စု ၇၁ အုပ်စုနဲ့ ကျေးရွာပေါင်း ၁၁၃ ရွာရှိပြီးကျောအရှေ့၊ ကျောအနောက်၊ ပဲမစား၊ ရွာငယ်၊ စခါးနဲ့ ကျွဲလိုင်းကျေးရွာခြောက်ရွာကို ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူးပေးထားလျက်ရှိပါတယ်။ ဒီဇယ်ဓာတ် အားပေးစက်ဖြင့် ရွာပေါင်း ၁၀၁ ရွာကိုမီးလင်းပြီးဖြစ်၍ လာပို့ရွာ၊ ပျားရွာ၊ စိုင်ဒူးရွာ၊ ဇာဟောရွာ၊ လက်ပန်ရွာနဲ့ အုတ်လှကျေးရွာခြောက်ရွာမှာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးအကောင်အထည်ဖော် ဆောင်ရွက်တည်ဆောက်ဆဲဖြစ်ပါတယ်။

**မူကြမ်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ဓာတ်အားသုံးစွဲသူများသို့ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်ဖို့အတွက် ဓာတ်အားပေးစက်ရုံကြီးတွေ၊ ၅၀၀/၂၃၀/၁၃၂ ကေဗွီပင်မဓာတ်အားခွဲရုံကြီးများနဲ့ဓာတ်အားသယ်ပို့ရန် ၅၀၀ ကေဗွီ၊ ၂၃၀ ကေဗွီနဲ့ ၁၃၂ ကေဗွီမဟာဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားဖြန့်ဖြူးမည့် ၆၆ ကေဗွီ၊ ၃၃ ကေဗွီဓာတ်အားဖြန့်ဖြူးရေးလိုင်းများနဲ့ ၆၆/၃၃ ကေဗွီ၊ ၁၁ ကေဗွီဓာတ်အားဖြန့်ဖြူးရေးခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို အဓိကထားပြီး အစီအမံဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေအပေါ် မူတည်ပြီးတော့ အပိုင်းအလိုက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထိုနည်းတူ ကျေးရွာများရှိအိမ်ထောင်စုများစွာကို ဓာတ်အားပေးနိုင်ရန်အတွက် ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများမှ ဓာတ်အားလိုင်းများတည်ဆောက်၍ တည်ဆောက်မှုကုန်ကျစရိတ်နဲ့ ပစ္စည်းများတန်ဖိုးကို နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲလျက်ရှိပါတယ်။ ကျေးရွာများဟာ လူဦးရေနည်းပါးခြင်း၊ တစ်ရွာနှင့်တစ်ရွာအလှမ်းကွာဝေးခြင်း၊ တောတောင်ပေါများခြင်းကြောင့် ကုန်ကျစရိတ်များသဖြင့် ဓာတ်အားရရှိမှုအိမ်ထောင်စုဦးရေအကျိုးသက်ရောက်မှုအရဦးစားပေးအဆင့် စဉ်းစားပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၃၀/၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းများနဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်းများဖြတ်သန်းသွားသည့် ပတ်ဝန်းကျင်ရှိမြို့များ၊ ကျေးရွာများဟာယင်းဓာတ်အားလိုင်းမှ တိုက်ရိုက်ဆက်သွယ်၍ သုံးစွဲပြီး ဓာတ်အားသုံးစွဲ၍ မဖြစ်နိုင်တဲ့အတွက်အိမ်သုံးလျှပ်စစ်ဓာတ်အား ၂၃၀ ဗို့အဆင့်သို့ ရောက်ရှိစေရန် ဓာတ်အားခွဲရုံကြီးများတည်ဆောက်ပြီး ၎င်းမှတစ်ဆင့် ၃၃ ကေဗွီနဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ တပ်ဆင်မှသာသုံးစွဲသွားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မဟာဓာတ်အားလိုင်းများ၊ ဗို့အားမြှင့်လိုင်းများမှ မြို့/ကျေးရွာများ ဓာတ်အားအသုံးပြုနိုင်ရေးအတွက် ဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံကြီးများနဲ့ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများသို့ ဦးစားပေး ဆောင်ရွက်ပေးနေရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း ကျေးရွာပေါင်းမှာ ၆၄၉၁၀ ကျော်ရှိပြီး ယနေ့ထိ ဓာတ်အားမရရှိသေးသောကျေးရွာပေါင်း ၃၉၉၁၀ ရွာခန့် ရှိပါတယ်။ ၎င်းကျေးရွာအားလုံးကို နှစ်အနည်းငယ်အတွင်းမှာ မီးလင်းရန် ဆောင်ရွက်ပါကသုံးစွဲရမည့် ရန်ပုံငွေပမာဏများစွာ လိုအပ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းများကို အောက်ပါအတိုင်းဖြေကြားအပ်ပါတယ်။ (က) ကျေးလက်မီးလင်းရေးလုပ်ငန်းများ

ဆောင်ရွက်ဖို့အတွက် မြို့ပေါ်ရပ်ကွက်များမီးလင်းရေးဆောင်ရွက်သကဲ့သို့ ၂၀၃၀ ခုနှစ်မှာမြန်မာနိုင်ငံအတွင်းရှိ ဒေသများအားလုံးမှာ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရန် ရည်ရွယ်ပြီးကမ္ဘာ့ဘဏ်အကူအညီနဲ့ မြန်မာနိုင်ငံတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (National Electrification Plan) ကိုရေးဆွဲလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာနိုင်ငံတော်မှ ခွင့်ပြုပေးနိုင်တဲ့ရန်ပုံငွေအပြင် ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် အခြားနိုင်ငံများရဲ့ အကူအညီအထောက်အပံ့များကိုရယူ၍ ဦးစားပေး အစီအစဉ်များချမှတ်၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (ခ) အစိုးရသစ်လက်ထက် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဆောင်ရွက်ပေးသည့်နည်းတူ အသေးစားရေအား၊ နေရောင်ခြည်၊ ဇီဝလောင်စာ၊ စပါးခွံလောင်စာတို့ကိုအသုံးပြု၍ ဓာတ်အားရရှိရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထက်အပိုဒ်(က)ပါ ရန်ပုံငွေ၊ ချေးငွေများဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (ဂ) လက်ရှိချောင်းကူးခွဲရုံမှ ဂန့်ဂေါမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ထို့အပြင် ညောင်ပင်ကြီးခွဲရုံမှ ၂၃၀ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ပြီးတော့ ဂန့်ဂေါမြို့ မှာ ၂၃၀ ကေဗွီမဟာဓာတ်အားခွဲရုံတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်လည်း လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၂၃၀ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသများကိုဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်မီးလင်းရေးရန်ပုံငွေဖြင့် ဂန့်ဂေါမြို့နယ်၊ လာပို့၊ လက်ပန်ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၆၆/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေဓာတ်အားခွဲရုံမှ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၅ မိုင် တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ ၎င်းဓာတ်အားလိုင်းမှ နှစ်မိုင်ပတ်လည်ကျေးရွာပေါင်း ၁၀ ရွာ ဓာတ်အားရယူသွားနိုင်မှာဖြစ်ပါတယ်။

ဂန့်ဂေါမြို့နယ်မှာကျေးရွာများအား ဓာတ်အားစနစ်မီးလင်းနိုင်ရေးအတွက် ဂန့်ဂေါမြို့မှ ၃၅ မိုင်ကွာဝေးသောနှမ်းခါးကျေးရွာမှာ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားသော်လည်း ဘဏ္ဍာငွေခွဲဝေပေးနိုင်မှုအရ ပါဝင်နိုင်ခဲ့ခြင်းမရှိသေးပါသဖြင့် နောင်လာမယ့် ဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းတောင်းခံသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက ဓာတ်အားခွဲရုံအတွင်း ပတ်ဝန်းကျင်နှစ်မိုင်ရှိကျေးရွာ ၁၁ ရွာခန့် လျှပ်စစ်ဓာတ်အားရရှိမှာဖြစ်ပါတယ်။ ဓာတ်အားစနစ်နဲ့ အလှမ်းကွာဝေး

သောကျေးရွာများမှာ ဓာတ်အားရရှိရေးအတွက် အခြားနည်းလမ်းများဖြစ်သည့် ဒီဇယ်ဓာတ်အားပေးစက်၊ နေရောင်ခြည်စွမ်းအင်၊ ဇီဝဓာတ်ငွေ့စသည့် နည်းလမ်းများဖြင့်လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာမီးလင်းရေးအစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့နိုင်ငံတော်၏ ဘတ်ဂျက်ရန်ပုံငွေခွင့်ပြုနိုင်မှုအရ ဓာတ်အားစနစ်တိုးချဲ့တည်ဆောက်ပြီးပါက တစ်ဆင့်ပြီးတစ်ဆင့် ကျေးရွာများကို ဓာတ်အားဆက်သွယ်ပေးနိုင်ရေးကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

**ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ယနေ့ ပြည်သူများ တောင်းဆိုနေသော ကျေးလက်အရောက်မီးလင်းရေးဆန္ဒနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ခေတ်မီသော စက်မှုလုပ်ငန်းများတိုးတက်ရေး၊ ပြည်သူများစိတ်အေးချမ်းသာစွာ လျှပ်စစ်မီးအပြည့်အဝ သုံးစွဲခွင့်ရရှိရေးအတွက်လျှပ်စစ်စွမ်းအင်ကို ရေတိုအမြန်ရရန် ခေတ်မီနည်းပညာသုံး ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်ကိုလည်းကောင်း၊ ရေရှည်အတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ရန်ကိုလည်းကောင်း ပြည်သူများအား ကျန်းမာရေးနှင့်လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ မည်ကဲ့သို့ဆောင်ရွက်မည်ကို ချပြရှင်းလင်းပြီး လျှပ်စစ်ဓာတ်အားပြည့်ဝပိုလျှံစွာ ရရှိရေးဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးမြင့်စိုးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

ယနေ့ကျွန်တော်တို့ မြန်မာနိုင်ငံအနှံ့အပြားမှာ လျှပ်စစ်မီးမရရှိသေးတဲ့ဒေသတွေ၊ မြို့နယ်တွေ အများကြီးရှိနေပါသေးတယ်ခင်ဗျား။ ယနေ့လည်း ရရှိပြီးတဲ့ဒေသတွေမှာလည်း လုံလောက်စွာမရရှိသေးပါဘူးခင်ဗျား။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ယနေ့ ဒီအဆိုကို တင်သွင်းရခြင်းမှာ ယနေ့ မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ အကောင်အထည်ဖော်တဲ့အခါမှာ လျှပ်စစ်စွမ်းအင်ဟာ မရှိမဖြစ် အလွန်အရေးတကြီးလိုအပ်နေပါတယ်ခင်ဗျား။ ယနေ့ပြည်သူတွေ ယနေ့ဆွေးနွေးသလိုပဲ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးတောင်းဆိုနေသလိုပဲ တစ်ခဲနက်တောင်းဆိုနေတာက ကျေးလက်အရောက်မီးလင်းရေးဆန္ဒများ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ဒီမီးလင်းရေးဆန္ဒတွေမှာဆိုရင် ကျွန်တော်တို့မြို့နယ်မှာဆိုရင်လည်း ကျေးရွာပေါင်း ၃၁၇ ရွာ ရှိပါတယ်ခင်ဗျား။ ၃၁၇ ရွာမှာ ရွာပေါင်း ၁၀၀ ကျော်လောက်က ကိုယ်ထူကိုယ်ထမီးလင်းရေးကို ဆောင်ရွက်နေပါတယ်။ ယခုလည်း ရွာပေါင်း ၂၀ ကျော်ခန့်ဟာ ကိုယ်ထူကိုယ်ထအားဖြင့် မီးလင်းနေပြီဖြစ်ပါတယ်။ ဒီကနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုလုပ်ငန်းတွေ တည်ထောင်မယ်ဆိုရင်၊ နိုင်ငံတကာကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ လာဖို့ဆိုလို့ရှိရင်တော့ လျှပ်စစ်စွမ်းအင်ဟာ မရှိမဖြစ်အရေးတကြီးလိုအပ်လာပြီ ဖြစ်ပါတယ်။ ဒါကြောင့် ယခုအဆိုကို တင်သွင်းရခြင်းလည်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ယနေ့ ကျွန်တော်တို့နိုင်ငံဟာ မော်တော်ယာဉ်များနှင့် ပတ်သက်လို့ရှိရင်၊ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ပတ်သက်ပြီးတော့လည်း စဉ်းစားရမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံဖို့ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းတွေလာမယ်ဆိုရင်လည်း ကျွန်တော်တို့ လျှပ်စစ်ဓာတ်အား လုံလောက်အောင်မပေးနိုင်ပါဘူး။ ဒီလုပ်ငန်းတွေဟာလည်း မီးစက်တွေနဲ့ လုပ်လို့မရပါဘူး။ နောက် ကျွန်တော်တို့ SME နဲ့ ပတ်သက်ပြီးတော့ တိုးတက်ဖို့လို့ပြောနေကြပါတယ်။ သို့သော်လည်းပဲ လျှပ်စစ်ဓာတ်အားလုံလောက်အောင်မပေးနိုင်ခဲ့ပါဘူး။ ဒါကြောင့် ဒီနေရာမှာ SME နဲ့ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် SME တိုးတက်ဖို့ဆိုလို့ရှိရင် Machine Tools ထုတ်လုပ်နိုင်တဲ့စက်ရုံတွေလိုအပ်ပါတယ်။ Machine Tools စက်ရုံဆိုတာကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ မုန့်လုပ်ငန်းဆိုရင် မုန့်လုပ်ငန်းနဲ့ပတ်သက်တဲ့ ထုတ်လုပ်တဲ့စက်ရုံတွေ၊ နောက်အချိုရည်လုပ်ငန်းဆိုရင် အချိုရည်လုပ်ငန်းနဲ့ပတ်သက်တဲ့ပူးခွံတွေထုတ်လုပ်တဲ့စက်ရုံတွေ လိုအပ်ပါတယ်။ ဒီစက်ရုံတွေထုတ်လုပ်နိုင်ဖို့ဆိုရင် လျှပ်စစ်ဓာတ်အား မြင့်မားစွာလိုအပ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ကလည်း SME လုပ်ငန်းတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် အဆိုတင်သွင်း တောင်းဆိုလိုတာကတော့ ရေတိုအမြန်လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ကျောက်မီးသွေး

ကနေပြီးတော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်တောင်းဆိုတဲ့စက်ရုံဟာ HIA, EIA, SIAဆိုတဲ့ ပြည်သူလူထုကို ကျန်းမာရေးထိခိုက်မှုအနည်းဆုံးနဲ့ လူမှုရေးပြဿနာအနည်းဆုံး၊ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ကို ထိခိုက်မှုအနည်းဆုံးနည်းပညာများနှင့် တည်ဆောက်ထားတဲ့စက်ရုံအမျိုးအစားဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပြည်သူများကို ထိခိုက်မှုအနည်းဆုံးနည်းပညာနဲ့ တည်ဆောက်မယ့်စက်ရုံတွေကို ပြည်သူလူထုနဲ့ တွေ့ဆုံပြီးတဲ့အခါမှာ ဘယ်လိုတည်ဆောက်မယ်။ တည်ဆောက်ပြီးတဲ့အခါမှာ ပြည်သူလူထုကို ပတ်ဝန်းကျင်ကိုမထိခိုက်အောင် ဘယ်လိုလည်ပတ်မယ်ဆိုတာကို ကတိပေးပြီးတော့ ခိုင်မာတဲ့အာမခံချက်တွေပေးပြီးတော့မှ ရှင်းလင်းပြမယ်။ ရှင်းလင်းပြပြီးတော့မှ သဘောတူညီချက်ရရှိပြီးတော့ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့လည်း တင်ပြအပ်ပါတယ်။ ရေရှည်လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်အဆင်ပြေဖို့အတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကိစ္စနှင့် ပတ်သက်ပြီးတော့ နည်းပညာအဆင့်မြင့်တဲ့ နိုင်ငံတွေမှ နည်းပညာအကူအညီတွေရယူခြင်း၊ IAEA ရဲ့ ခွင့်ပြုချက်နဲ့ အကူအညီများကို ရယူဆောင်ရွက်ပြီးတော့မှ ငလျင်ကြောနဲ့ သဘာဝဘေးအန္တရာယ်ကင်းတဲ့ဒေသတွေမှာ တည်ဆောက်ဖို့လည်း အကြံပြုလိုပါတယ်ခင်ဗျား။ ထိုသို့သောနျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် တည်ဆောက်မယ့်နေရာမှာရှိတဲ့ ပြည်သူလူထုတွေကို HIA, EIA, SIA နဲ့ပတ်သက်တဲ့ ကျန်းမာရေးထိခိုက်မှုကင်းအောင်၊ အသက်အန္တရာယ်၊ ဘေးအန္တရာယ်ကင်းအောင် ဆောင်ရွက်ထားမှု၊ လူမှုရေးပြဿနာကင်းအောင် ဆောင်ရွက်ထားမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကင်းအောင် ဆောင်ရွက်ထားမှုများကို ပြည်သူများကို နားလည်အောင်၊ သဘောပေါက်အောင် ရှင်းလင်းပြပြီးတော့မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ပြည်သူများလူနေမှုဘဝမြင့်မားရေးအတွက် လျှပ်စစ်စွမ်းအင်ဟာ ဘယ်လောက်လိုအပ်တယ်ဆိုတာကို ပြည်သူများကို နားလည်အောင်၊ သဘောပေါက်အောင် ရှင်းလင်းပြီးတော့ ဆွေးနွေးပေးစေလိုပါတယ်ခင်ဗျား။

ယနေ့ ကျွန်တော်တို့ရဲ့ အရှေ့ဘက်၊ အနောက်ဘက်မှာရှိတဲ့ အင်အားကြီးနိုင်ငံများမှာလည်း ကျောက်မီးသွေးကို အဆင့်မြင့်နည်းပညာနဲ့ ထုတ်လုပ်ပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေတာကို ကျွန်တော်လည်း မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နိုင်ငံအနေနဲ့ လိုအပ်တဲ့လျှပ်စစ်ဓာတ်အားကိုလည်း ရေတိုအနေနဲ့ အမြန်ဒီလိုနည်းနဲ့ ထုတ်လို့ရမယ်ဆိုရင်တော့ အဆင်ပြေမှာပဲလို့ ကျွန်တော့်အနေနဲ့ တွေးမိပါတယ်။ နျူကလီးယားစွမ်းအင်နဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုလည်း ယနေ့ကမ္ဘာမှာ နည်းပညာမြင့်မားစွာနဲ့ ထုတ်လုပ်နေတာကို တွေ့ရပါတယ်ခင်ဗျား။

**မှူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြလိုသည်မှာ မိမိနိုင်ငံတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအင်ကဏ္ဍမှာ အရေးတကြီးလိုအပ်နေကြောင်းနှင့်ပတ်သက်ပြီးတော့ မကြာသေးမီက ကမ္ဘာကျော် Branded တစ်ခုဖြစ်တဲ့ SAMSUNG ကုမ္ပဏီကနေပြီးတော့ မြန်မာနိုင်ငံမှာ စက်ရုံတည်ဆောက်ဖို့ လာတဲ့အခါမှာ လျှပ်စစ်ဓာတ်အား အပြည့်အဝအလုံအလောက် အာမမခံနိုင်တာကြောင့် ရင်းနှီးမြှုပ်နှံမှုနောက်ဆုတ်သွားရကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက်ရော၊ ပြည်သူတွေအတွက်ရော အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးပါတယ်။ ဈေးနှုန်းသက်သာစွာနဲ့ နိုင်ငံတကာရဲ့ Branded ကိုလည်း မသုံးရတော့ပါဘူး။ ရနိုင်တဲ့အခွန်ဝင်ငွေတွေလည်း မရရှိတော့ပါဘူး။ ဒါ့ကြောင့် ဒီလိုအခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးသွားရတာလည်း ကျွန်တော့်အနေနဲ့ အလွန်အင်မတန်မှ ဝမ်းနည်းပါတယ်။ ဒီလိုပါပဲ။ တခြားသောနိုင်ငံတကာကနေ ရင်းနှီးမြှုပ်နှံမှုတွေလည်း လျှပ်စစ်စွမ်းအင်လုံလောက်မှု အာမခံမှုမရှိတာကြောင့် လာရောက်ရင်းနှီးမြှုပ်နှံမှုမရှိတဲ့အတွက် နိုင်ငံတော်နှင့် ပြည်သူများရဲ့အခွင့်အရေးတွေဆုံးရှုံးပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေတာကို တွေ့ရှိရပါတယ်။ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီးတော့ ဆက်ပြီးပြောရမယ်ဆိုရင် ထားဝယ်ရေနက်ဆိပ်ကမ်းဟာလည်း မြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးလုပ်ငန်းဖြစ်ပါတယ်။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကြီး အောင်မြင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ အတိုင်းမသိဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော့်အနေနဲ့ ရဲရဲဝံ့ဝံ့ယုံကြည်ပါတယ်။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှောင့်နှေးရခြင်းဟာလည်း လျှပ်စစ်စွမ်းအင်မရှိမှု၊ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်လုပ်ရန်ကိစ္စမှာလည်း ပြည်သူနဲ့အစိုးရကြား နားလည်မှုများ လွဲမှားနေခြင်းကြောင့် နှောင့်နှေးရခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော်ကြီးမှတစ်ဆင့် မေတ္တာရပ်ခံလိုသည်မှာ ကျွန်တော် တို့ နိုင်ငံတော်ကြီးနဲ့ပြည်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လျှပ်စစ်စွမ်းအင်အပြည့်အဝ၊ အလုံအလောက်ရရှိမှ ဖြစ်မှာပါ။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေးလျှပ်စစ်စက်ရုံနှင့် နျူကလီးယားစက်ရုံများကို တည်ဆောက်တဲ့အခါမှာ ပြည်သူများနှင့်အစိုးရ အပြန်အလှန်ရှင်းလင်းဆွေးနွေးပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း ပြည်သူများက နားလည်ပေးဖို့၊ ခံယူပေးဖို့၊ တိုင်းပြည်တိုးတက်ဖို့အတွက် ပြည်သူများအနေနဲ့လည်း ပါဝင်ဆောင်ရွက်ပေးဖို့လည်း တိုက်တွန်းလိုပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ကျွန်တော်တင်သွင်းလိုတဲ့အဆိုမှာ ယနေ့ပြည်သူများတောင်းဆိုနေသော ကျေးလက်အရောက် မီးလင်းရေးဆန္ဒနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံ မှုများကို ဖိတ်ခေါ်၍ ခေတ်မီသော စက်မှုလုပ်ငန်းများ တိုးတက်ရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ လျှပ်စစ်မီးအပြည့်အဝသုံးစွဲခွင့်ရရှိရေးအတွက် လျှပ်စစ်စွမ်းအင်ကို ရေတိုအမြန်ရရန် ခေတ်မီနည်းပညာသုံးကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်ကိုလည်းကောင်း၊ ရေရှည်အတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ရန်ကိုလည်းကောင်း၊ ပြည်သူများအား ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ မည်ကဲ့သို့ ဆောင်ရွက်မည်ကို ချပြရှင်းလင်းပြီး လျှပ်စစ်ဓာတ်အား ပြည့်ဝပိုလျှံစွာရရှိရေးဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးမြင့်စိုး တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီး ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက ယနေ့ပြည်သူများတောင်းဆိုနေသော ကျေးလက်အရောက်မီးလင်းရေးဆန္ဒနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ခေတ်မီသော စက်မှုလုပ်ငန်းများတိုးတက်ရေး၊ ပြည်သူများစိတ်အေးချမ်းသာစွာ လျှပ်စစ်မီးအပြည့်အဝ သုံးစွဲခွင့်ရရှိရေးအတွက် လျှပ်စစ်စွမ်းအင်ကို ရေတိုအမြန်ရရန် ခေတ်မီနည်းပညာသုံးကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်ကိုလည်းကောင်း၊ ရေရှည်အတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်ရန်ကိုလည်းကောင်း ပြည်သူများအား ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ မည်ကဲ့သို့ ဆောင်ရွက်မည်ကို ချပြရှင်းလင်းပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ၊ ပိုလျှံစွာ ရရှိရေးဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားခဲ့ပါတယ်။ အဆိုတင်သွင်းသူ ဦးမြင့်စိုးအနေနဲ့ လျှပ်စစ်ဓာတ်အား ပြည့်ဝပိုလျှံစွာရရှိရေးဆောင်ရွက်ပေးရန် တိုက်တွန်းထားတာ တွေ့ရပါတယ်။ ပြည်သူလူထုအနေနဲ့ လက်ရှိလျှပ်စစ်သုံးစွဲခွင့် ခံစားရရှိနေတာ ၃၂ ရာခိုင်နှုန်းသာရှိသေးတဲ့အတွက် တိုင်းရင်းသား

ပြည်သူလူထုအားလုံး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအမြန်ရရှိရေး တိုက်တွန်းထားတာ တွေ့ရပါတယ် ခင်ဗျား။

မြန်မာနိုင်ငံတော်ကြီးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်တဲ့နေရာမှာ လျှပ်စစ်စွမ်းအားသည်မရှိမဖြစ် အလိုအပ်ဆုံးဖြစ်နေပါတယ်။ ယနေ့ ပြည်သူများတောင်းဆိုနေသော ကျေးလက်အရောက်မီးလင်းရေးဆန္ဒများ၊ ခေတ်မီသော စက်မှုလုပ်ငန်းများ တည်ထောင်နိုင်ရန်နဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ လာရောက်နိုင်ရန်မှာလျှပ်စစ်စွမ်းအင်ကဏ္ဍတိုးတက်ရေးဟာ လွန်စွာအရေးကြီးနေသည်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးမြင့်စိုး၊ ပျော်ဘွယ်ကတင်သွင်းသွားတဲ့အဆိုကို ကျွန်တော် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီက ထောက်ခံအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ နှစ်စဉ်ဖွံ့ဖြိုးတိုးတက်လာတဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အရ ဓာတ်အားသုံးစွဲသူများ စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် ဓာတ်အားပေးစက်ရုံကြီးတွေ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားသယ်ပို့တဲ့ မဟာဓာတ်အားလိုင်းကြီးများ၊ ဖြန့်ဖြူးရေးလိုင်းများကို တိုးချဲ့တည်ဆောက်ပြီး မြို့ကြီးများမှတစ်ဆင့် မြို့ငယ်၊ ရွာများအထိ ဓာတ်အားဖြန့်ဖြူးရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုဟာ အိမ်ထောင်စုအားလုံးရဲ့ ၃၂ ရာခိုင်နှုန်းသာရှိပါသေးတယ်။ ဒါကြောင့်မို့လို့ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(National Electrification Plan)ကို ကမ္ဘာ့ဘဏ်ရဲ့အကူအညီနဲ့ ရေးဆွဲပြီးတော့မှ အဆင့်အလိုက် စနစ်တကျအကောင်အထည်ဖော်ပြီး ဓာတ်အားမရရှိသေးတဲ့ကျေးရွာတွေ၊ ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်နိုင်ခြင်းမရှိတဲ့ မြို့များကိုလည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီ National Electrification Plan ကတော့ ဓာတ်အားမရရှိသေးတဲ့ ရွာတွေ၊ မြို့တွေ၊ ပြည်သူတွေကို ဓာတ်အားဆက်သွယ်ပေးဖို့၊ သုံးစွဲဖို့အတွက်ရေးဆွဲတဲ့ Plan ဖြစ်ပါတယ်။ ဒါနဲ့ကိုက်ညီမယ့် ဓာတ်အား

ထုတ်လုပ်မှုအချိုး(Generation Mix)ပုံစံကို ဆောင်ရွက်ဖို့အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(JICA)ရဲ့ အကူအညီအနေနဲ့ Generation Master Plan ကိုလည်း ရေးဆွဲလျက်ရှိပါတယ်။ ဒီ Master Plan ကို ရေးဆွဲရာမှာ ရေအား၊ လေအား၊ နေအား၊ ကျောက်မီးသွေး နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ကို အသုံးပြုပြီးတော့ သဘာဝနှင့်လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက် မှုအနည်းဆုံးဖြစ်စေရေးအတွက်လည်းကောင်း၊ ဓာတ်အားခစျေးနှုန်း အသက်သာဆုံးဖြစ်စေရေး အတွက်လည်းကောင်း၊ နောက်တစ်ခါ အမြန်ဆုံးဓာတ်အားရရှိရေးအတွက်လည်းကောင်း ထည့်သွင်း စဉ်းစားပြီးတော့မှ ဓာတ်အားထုတ်လုပ်မှု အရင်းအမြစ်အချိုးကို ရွေးချယ်သတ်မှတ်ရေးဆွဲခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့တပ်ဆင်ထားတဲ့စက်အင်အားက ၄၄၅၄ မဂ္ဂါဝပ်ရှိပြီးတော့၊ အဲ့ဒီမှာ ရေအားက ၆၈ ရာခိုင်နှုန်းပါဝင်လျက်ရှိပါတယ်။ သဘာဝဓာတ်ငွေ့ က ၃၀ ရာခိုင်နှုန်းပါဝင်ပြီးတော့ ကျောက်မီးသွေးကတော့ ၂ ရာခိုင်နှုန်းသာ ပါဝင်လျက်ရှိပါတယ်။

ကျွန်တော်တို့ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိဖို့ မှန်းထားတဲ့ ၂၀၃၀-၂၀၃၁ ခုနှစ်မှာ ထုတ်လုပ်မယ့်ဓာတ်အား(Generation Mix) အချိုးကတော့ ရေအားအနေနဲ့ ၃၈ ရာခိုင်နှုန်းဖြစ်ပြီး တော့ သဘာဝဓာတ်ငွေ့မှာ ၂၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှာ ၃၃ ရာခိုင်နှုန်းနှင့် ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်၊ လေအား၊ နေအား၊ အခြားလောင်စာများကတော့ ၉ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းခန့်ပဲ သတ်မှတ်ရေးဆွဲထားပါတယ်။ ဒါကလည်း ကျွန်တော်တို့ အတည်မပြုရသေးသော နောက်ဆုံးအကြမ်း စီမံချက်ဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်စွမ်းအင်အရင်းအမြစ်ကို ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်တဲ့ အခါမှာ အဓိကရင်ဆိုင်ရတဲ့စိန်ခေါ်မှုနှင့်အခက်အခဲများကတော့ သဘာဝနှင့်လူမှုပတ်ဝန်းကျင် ထိခိုက် မှုအနည်းဆုံးဖြစ်စေရေးဖြစ်ပြီးတော့မှ လျှပ်စစ်စီမံကိန်းများအကောင်အထည်ဖော်တဲ့အခါမှာ အဲ့ဒီ အချက်တွေကို ဦးစားပေးဆောင်ရွက်ဖို့အတွက် ပြည်သူများနှင့်ဒေသခံများကိုလည်း နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားစီမံကိန်းများအပေါ် ယုံကြည်မှုရှိလာစေရေးကို ရှင်းလင်း တင်ပြမှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ရာမှာ အချိန်တို အတွင်း ပြီးစီးရေးနှင့် ဓာတ်အားခစျေးနှုန်း သင့်တင့်မျှတရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အသက်သာဆုံးဖြစ်ရေး၊ အရင်းအမြစ်လုံလောက်စွာရရှိရေးစတဲ့ အခြေခံအချက်များကို ထည့်သွင်း စဉ်းစားလို့ရှိရင် နည်းပညာမြင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံကို ထည့်သွင်းတည်ဆောက် သင့်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။

ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများဟာ ကမ္ဘာ့အနှံ့အပြားမှာ တွင်ကျယ်စွာဆောင်ရွက်လျက်ရှိပြီးတော့မှ သူတို့ရဲ့ဆောင်ရွက်တဲ့ အဓိကရည်ရွယ်ချက်ကတော့ ဓာတ်အားခစျေးနှုန်းဟာ နျူကလီးယားနှင့်ရေအားလျှပ်စစ်ပြီးလို့ရှိရင် ဓာတ်အားခအသက်သာဆုံးနည်းလမ်း ဖြစ်ပါတယ်။ တည်ဆောက်ချိန်က သုံးနှစ်မှ ငါးနှစ်အတွင်း မဂ္ဂါဝပ် ရာ၊ ထောင်ချီပြီး ရရှိနိုင်ပါတယ်။ နေ့စဉ်လိုအပ်တဲ့ ဓာတ်အားအခြေခံဝန်အားကို(Base Load)ကို ထိန်းထားနိုင်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကျောက်မီးသွေးကုန်ကြမ်းဟာ နောင်နှစ်ပေါင်းရာကျော်အထိ သုံးစွဲနိုင်တဲ့ ပမာဏကျန်ရှိနေသေးတဲ့အတွက် ကမ္ဘာ့စျေးကွက်မှာလည်း ကာလပေါက်စျေးအတိုင်း နှစ်ရှည်ဝယ်ယူသုံးစွဲနိုင်တဲ့ အကျိုးကျေးဇူးရရှိနိုင်ပါတယ်။ ကမ္ဘာ့နေရာအနှံ့အပြားမှာရရှိနိုင်တဲ့ ယင်းလောင်စာအပေါ်မှာ နိုင်ငံရေးလက်နက်အဖြစ်သုံးစွဲခြိမ်းခြောက်နိုင်မှုမရှိပြီးတော့ စျေးနှုန်းတည်ငြိမ်မှုလည်း ရှိနိုင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ပေးနိုင်တဲ့နည်းပညာများ ယနေ့ခေတ်မှာ ပေါ်ပေါက်နေပြီဖြစ်လို့လည်း အားသာချက်ရှိပါတယ်။ ဒါကြောင့် နည်းပညာမြင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းကြောင့် ဖြစ်ပေါ်လာမယ့်ထိခိုက်မှုများကို အသက်သာဆုံး လျော့သွားစေနိုင်မယ့် သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာ(Clean Coal Technology) များ ပေါ်ပေါက်နေပြီဖြစ်လို့ ကမ္ဘာ့နိုင်ငံများမှာ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်လာကြခြင်း၊ စက်ရုံအဟောင်းနေရာမှာ အသစ်များ အစားထိုးခြင်းတို့ ပြုလုပ်လျက်ရှိပါတယ်။ သန့်ရှင်းသော ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ ဖြစ်ပေါ်လာရေးအတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီစတဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှလည်း သတ်မှတ်ချက်(Guide Line)များ ချမှတ်ပေးထားပါတယ်။

ကမ္ဘာ့ဘဏ်အနေနဲ့ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားပေးစက်ရုံအသစ်များ တည်ဆောက်ရာမှာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဖန်လုံအိမ်အာနိသင်လျှော့ချနိုင်ရေး Pollution Prevention and Abatement Hand Book ကိုလည်း ၁၉၉၈ ခုနှစ်မှာ စတင်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒါကြောင့် မို့လို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူများရဲ့ ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်မှုအနည်းဆုံးဖြစ်စေဖို့အတွက် အဆင့်ဆင့်စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာတင်ပြဖို့ MOU ရေးထိုးခြင်း၊ EIA/SIA ရေးဆွဲပြုစုခြင်းနှင့် ဒေသခံ

ပြည်သူများနှင့်တွေ့ဆုံတင်ပြညှိနှိုင်းခြင်းများ အားလုံးပြည့်စုံပါက အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ပထမအဆင့်ဖြစ်တဲ့ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ MOU လက်မှတ်ရေးထိုးချိန်မှာ ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်မှ သတ်မှတ်ထားတဲ့ အရည်အသွေးစံနှုန်းများထက် မနိမ့်တဲ့စံနှုန်းများဖြင့် ဆောင်ရွက်ရေး တစ်ပါတည်း ညွှန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်တင်ပြလာတဲ့ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံများကို စစ်ဆေးရာမှာလည်း ကမ္ဘာ့ဘဏ်၏ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှာထုတ်ပြန်ထားသော Environmental Health and Safety Guidelines of Thermal Power Plant နှင့်အညီ ဆောင်ရွက်မှု ဟုတ်/မဟုတ် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဆင့်မှာပင် ဆောင်ရွက်တဲ့ကုမ္ပဏီများနှင့် တာဝန်ရှိသူများကိုလိုအပ်ပါက တွေ့ဆုံမေးမြန်းပြီး မရှင်းလင်းတဲ့အချက်များရှိပါက သတ်မှတ် Guide Line နှင့်အညီ ညီညွတ်အောင် ဆောင်ရွက်နိုင်မှသာလျှင် စီမံကိန်းအကောင်အထည်ဖော်တည်ဆောက်ရန်ကိုလည်း ထပ်ဆင့်မှတ်ချက်ပြု အသိပေးဆွေးနွေးလျက်ရှိပါတယ်။ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာစိစစ်ရာမှာ အဓိကအချက်အချို့အား အောက်ပါအတိုင်း ကောက်နုတ်တင်ပြအပ်ပါတယ်။ (၁) ဆူညံမှုနဲ့ပတ်သက်ပြီးတော့မှ သတ်မှတ်စံနှုန်း 70 Disable ထက်မကျော်လွန်စေဖို့ သတ်မှတ်ထားပါတယ်။ နိုက်ထရိုဂျင်အောက်ဆိုဒ်ထုတ်လွှတ်မှုနှင့် ဆာလဖာအောက်ဆိုဒ်ထုတ်လွှတ်မှု၊ အမှုန်အမွှား ထုတ်လွှင့်မှုနှင့်ပတ်သက်ပြီးတော့ လေထုညစ်ညမ်းမှုအဆင့်သတ်မှတ်နေရာ (လူနေထူထပ်သောနေရာ)၊ လေထုညစ်ညမ်းမှုအဆင့်မသတ်မှတ်တဲ့နေရာ (လူနေကျဲပါးသောနေရာ)များမှာလည်း သတ်မှတ်ချက်များမကျော်လွန်အောင် ကျွန်တော်တို့ ထိန်းချုပ်သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံစွန့်ပစ်ရေနှင့်ပတ်သက်ပြီးတော့လည်း သတ်မှတ်နှုန်းထားများအတိုင်းရရှိအောင် သန့်စင်စေပြီးမှ ထုတ်လွှတ်ရန်သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး အစီရင်ခံစာပြုစုရာမှာလည်း လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ထွက်ရှိလာမယ့် စွန့်ပစ်အခိုးအငွေ့တွေ၊ အရည်နှင့်အစိုင်အခဲပမာဏတို့အပြင် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နိုင်မှုများကိုလည်း ပြည့်စုံစွာ ဖော်ပြပြီး အသံဆူညံမှု၊ လေအရည်အသွေး၊ ရေအရည်အသွေးနှင့်ပတ်ဝန်းကျင်အခြေအနေများကို စောင့်ကြပ်ကြည့်ရှုမည့်အစီအမံများ၊ စွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ရေစီမံခန့်ခွဲမှု၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များစသည်တို့ကို ပါဝင်အောင်ကြီးကြပ်ဆောင်ရွက်စေပါတယ်။ ပတ်ဝန်းကျင်ထိခိုက်မှုများ

မူကြမ်း

ကို လျော့နည်းသက်သာစေရန်နှင့် ပြန်လည်ကောင်းမွန်စေရန် ဆောင်ရွက်ရမယ့်လုပ်ငန်းများ၊ စောင့်ကြည့်လေ့လာရမည့် အစီအစဉ်များပါဝင်တဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ရာမှာ ပါဝင်မည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဝန်ထမ်းအင်အား၊ ကျခံသုံးစွဲမည့်ရန်ပုံငွေတို့ကိုပါ ထည့်သွင်းရေးဆွဲတင်ပြစေပါတယ်။ ဒါကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ အစီရင်ခံစာ၊ နည်းပညာဆိုင်ရာအရ ဖြစ်မြောက်နိုင်စွမ်း အတည်ပြုပေးပြီးတော့မှ EIA/SIA အစီရင်ခံစာတွေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ စစ်ဆေးအတည်ပြုစေပါတယ်။ သတ်မှတ်ချက်နှင့်ကိုက်ညီမှသာလျှင် စီမံကိန်းကိုဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ခွင့်ပြုဖို့စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်ကြော်ငြာစာ (၁၂/၂၀၁၃) ဖြင့် ဖွဲ့စည်းပေးခဲ့တဲ့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်ရေးဆွဲခဲ့သော အမျိုးသားစွမ်းအင်မူဝါဒမှာ လျှပ်စစ်ကဏ္ဍရည်မှန်းချက်များအနက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး Fuel Mix ကို ရေအားလျှပ်စစ်အပြင် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ Renewable Energy များပါ တိုးချဲ့ထုတ်လုပ်ရန်နှင့် လျှပ်စစ်ကဏ္ဍအတွက် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်သက်ရောက်မှု အနည်းဆုံးဖြစ်စေရေး လေ့လာဆောင်ရွက်ရန်ဟုလည်းကောင်း၊ ကျောက်မီးသွေးကဏ္ဍရည်မှန်းချက်မှာ ကျောက်မီးသွေးတူးဖော်ခြင်း၊ အသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးပေးဆောင်ရွက်ရန်နှင့် Clean Coal Technology အသုံးချရေးဆောင်ရွက်ရန်ဟူ၍လည်းကောင်း ဖော်ပြပါရှိပြီးလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်/တိုင်းဒေသကြီးများမှာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများဖြစ် မြောက်နိုင်မှုလေ့လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လိုသူပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့် နားလည်မှုစာချွန်လွှာ ၁၁ ခု ရေးထိုးပြီး လေ့လာမှုများ ပြုလုပ်လျက်ရှိကြပါတယ်။ ၎င်းတို့မှ ဒေသခံပြည်သူများကိုကွင်းဆင်းပြီး တည်ဆောက်မည့်နည်းပညာနှင့် ဒေသဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်တကွ ရှင်းလင်းတင်ပြလျက်ရှိကြကြောင်းကိုလည်း ဖြေကြားအပ်ပါတယ်။ ဖြစ်မြောက်နိုင်မှုရှိပြီး ဒေသခံပြည်သူများကလည်း လက်ခံသဘောတူညီပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ရေရှည်အတွက် နျူကလီးယားစွမ်းအင်မှ ဓာတ်အားထုတ်လုပ်ရန်ကိစ္စနှင့် ပတ်သက်၍ အာရှဒေသဖြစ်သော ဂျပန်နိုင်ငံမှာ နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား

ထုတ်လုပ်သုံးစွဲစဉ် ၂၀၁၁ ခုနှစ် မေလမှာ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပြီးနောက် နျူကလီးယား ဓာတ်အားပေးစက်ရုံ ပျက်စီးခဲ့ရာမှ အဏုမြူယိုစိမ့်မှုဆိုးကျိုးခံစားခဲ့ရသောကြောင့် နိုင်ငံတကာမှာ နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပေါ် ဝေဖန်မှုနှင့်ရင်ဆိုင်နေရကြောင်း လေ့လာသိရှိရပါကြောင်းနှင့် မြန်မာနိုင်ငံတွင်လည်း ရေရှည်အတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် လောလောဆယ် ဝန်ကြီးဌာနအနေဖြင့် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ရေတိုအတွက် နိုင်ငံတော်ဓာတ်အားလိုအပ်ချက် အမြန်ဆုံးဖြည့်ဆည်းပေးနိုင်မည့် စွမ်းအင်အရင်းအမြစ်ဖြစ်တဲ့ နည်းပညာမြင့်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာမှာ အဆိုပါစီမံကိန်းများ တည်ဆောက်ခြင်းကြောင့် ဖြစ်ပေါ် လာမည့် အကျိုးကျေးဇူးများ၊ ဒေသခံပြည်သူများအတွက် လူမှုရေးဆောင်ရွက်ပေးမည့် အစီအစဉ်များ ကို ပြည်သူများနားလည် သဘောပေါက်သည်အထိ ရှင်းလင်းတင်ပြပြီးမှ ဆောင်ရွက်မည်ဖြစ်ပါ ကြောင်းနှင့် ပြည်သူများရဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါ ကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးမြင့်စိုးရဲ့ သဘောထားပြောပါ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ နျူကလီးယားစက်ရုံကို တင်ပြရခြင်း ကတော့ ရေအားလျှပ်စစ်က မိုးခေါင်တဲ့အခါမှာ တစ်ခါတလေကျမှ ကျွန်တော်တို့ကမီးတွေ တော်တော် နှစ်ရှည်လများ ပျက်ဖူးပါတယ်။ ဒါ့ကြောင့် ဒီလိုအဖြစ်အပျက်မျိုးတွေမကြုံအောင် ကျွန်တော်တင်ပြ ခြင်း ဖြစ်ပါတယ်။ စောစောက ဝန်ကြီးက ဆွေးနွေးသွားပါတယ်။ နိုင်ငံတကာမှာ လျှပ်စစ်ကို ဂျပန်ပြည် တင်ပို့တဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးသွားတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့လည်း နားလည်ပါတယ်။ ဒါ့ကြောင့် ဝန်ကြီးရှင်းပြတဲ့အတိုင်း ကျွန်တော်တို့ ရေတိုမှာလျှပ်စစ်ရရှိဖို့အတွက် ကြိုးစားဆောင်ရွက်နေတာကို ကျွန်တော့်အနေနဲ့ ဝမ်းသာကြိုဆိုပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ဒါတွေကို ကျွန်တော်တို့နိုင်ငံဟာ လျှပ်စစ်မရှိလို့ရှိရင် တိုးတက်ဖို့မလွယ်ဘူးဆိုတာကို နားလည်ပေးဖို့ လည်း ဤလွှတ်တော်မှလည်း တင်ပြလိုပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဝန်ကြီးရဲ့ဆွေးနွေးချက် များကို လက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ပတ်သက်လို့ ကျွန်တော်တို့က မှတ်တမ်းတင်ထားရှိဖို့ သို့မဟုတ်ရင် အဆိုကိုအတည်ပြုဖို့အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနဲ့ အဆိုရှင်တို့ရဲ့သဘောထားများ ပြန်လည်ပြောကြားပေးဖို့ လိုပါတယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးခင်ဗျား။ ကျွန်တော်တို့ အဆိုရှင်ရဲ့တင်ပြတဲ့အဆိုဟာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ လက်ခံနိုင်သောအဆို ဖြစ်ပါတယ်။ ပြည်သူများအားလုံးကလည်း ဝမ်းသာကြိုဆိုတဲ့အဆိုဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြချင်တာကတော့ ဝန်ကြီးဌာနအနေနဲ့ စောစောကကျွန်တော်တင်ပြ ရှင်းလင်းခဲ့သလိုပဲ ရေရှည်အတွက်ရော၊ ရေတိုအတွက်ရောပါ Master Plan ကိုရေးဆွဲဆောင်ရွက် လျက်ရှိပါတယ်။ အဲ့ဒီအတိုင်းလည်း အကောင်အထည်ဖော်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အထူး သဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဓာတ်အားပေးစက်ရုံရဲ့ ၆၈ ရာခိုင်နှုန်းဟာ ရေအားလျှပ်စစ်ပေါ်မှာ မူတည်ထားတဲ့အတွက်ကြောင့်မို့လို့ နွေရာသီမှာ ကျွန်တော်တို့အခက်အခဲ ကြုံတွေ့နေရတဲ့အတွက် ကြောင့်မို့လို့ ရေတိုစီမံကိန်းဆောင်ရွက်နိုင်တဲ့ လောလောဆယ်မှာ ကျောက်မီးသွေးဓာတ်အားပေး စက်ရုံနဲ့ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွေကို ဦးစားပေးတည်ဆောက်သွားပြီးတော့မှ ကျွန်တော် တင်ပြဆွေးနွေးခဲ့သလို ၂၀၃၁ ခုနှစ်မှာတော့ ရေအားလျှပ်စစ်ကို ၃၈ ရာခိုင်နှုန်းထားပြီးတော့မှ ဒီအပူ စွမ်းအင်သုံးကျောက်မီးသွေးနဲ့ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံကို ၅၀ ရာခိုင်နှုန်းလောက်ထားလိုက် လို့ရှိရင် ကျွန်တော်တို့ ဒီရေရှည်မှာ Base Load ကအမြဲတည်ငြိမ်သွားပြီးတော့မှ ပြည့်ဝစွာရရှိသွားမှာ ဖြစ်ပါကြောင်းနဲ့ အဆိုရှင်ရဲ့အဆိုကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကြိုဆိုပါကြောင်း ဆောင်ရွက် သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မှတ်တမ်းတင်ဖို့လည်း သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ အချုပ်ကတော့ အဆိုရှင်ရဲ့တင်ပြချက်ကို ကြိုဆိုတယ်။ သို့ရာတွင် ဝန်ကြီးဌာန က လုပ်ဆောင်နေတဲ့ကိစ္စဖြစ်တဲ့အတွက် မှတ်တမ်းတင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနက ဒီလိုနောက်ဆုံး အတည်ပြုရှင်းလင်းသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အဆိုရှင်အနေနဲ့ အခုဝန်ကြီးဌာနရဲ့ မှတ်တမ်းတင်ထားရှိမှုကို သဘောတူပါသလား။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဝန်ကြီးဌာနမှ ရှင်းပြတဲ့အတွက်ကြောင့် သဘောတူပါတယ်။ သို့သော်လည်းပဲ လျှပ်စစ်ဓာတ်အားအမြန်ရရှိရေးကိုတော့ မြန်မြန်လေးတော့လုပ်ပေးဖို့ကိုလည်း တိုက်တွန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်စိုးတင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးကထောက်ခံပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ ဦးမြင့်စိုးအနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းချက်ကိုသဘောတူပြီး မှတ်တမ်းတင်ထားရှိဖို့ကိုလည်း လက်ခံနိုင်ကြောင်း တင်ပြသွားပါတယ်။ ဒါကြောင့် ဦးမြင့်စိုးတင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၂၈-၁-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂-၂-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်း

ပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းအတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူမှာ ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ဤဥပဒေ၏ ပြင်ဆင်ချက်အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**